Market Commentary

# MTSH & TMH

KBZSC STIRLING COLEMAN SECURITIES CO., LTD

**KBZSC Securities Trading**

Nov 8, 2021

# YSX တွင် ကာလတိုရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းရှိပါသလား?

## Are there short-term investment opportunities at the YSX?

## MTSH

လက်ရှိအချိန်တွင် MTSH သည် ကျပ် ၃,၂၅၀ ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ အဆိုပါဈေးနှုန်းသည် စက်တင်ဘာလတွင် ယခုနှစ်အတွက်အနိမ့်ဆုံးဈေးနှုန်းဖြစ်သည့် ကျပ် ၃,၀၅၀ မှ ပြန်လည်မြင့်တက်လာသည့် ဈေးနှုန်းလဲဖြစ်ပါသည်။ ယခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအရ MTSH ရှယ်ယာသည် ကျပ် ၃,၅၀၀ တွင် ဈေးကွက်ဝယ်လိုအားပုံမှန်ရှိခဲ့သည်ကို တွေ့ရပါသည်။

MTSH is currently trading around MMK 3,250 with prices rebounding from the year-to-date (YTD) low of MMK 3,050 during September 2021. Looking at the YTD graph, there seems to be a strong support previously at MMK 3,500.

## MTSH Share Prices (Jan 2021 – Present)




*Source: Yangon Stock Exchange*

ယခင်က ဝယ်လိုအားပံ့ပိုးမှုရှိခဲ့သည့်စျေးနှုန်းသည် ရံဖန်ရံခါ ရင်းနှီးမြှုပ်နှံသူများ ရှယ်ယာပြန်လည်ရောင်းချသည့် စျေးတန်းတခုဖြစ်နိုင်ချေရှိပါသည်။ MTSH ရှယ်ယာ စျေးနှုန်းများသည် အတက်ဘက်သို့ ဆက်လက်ရွေ့လျားလာပါက အဆိုပါ ကျပ် ၃,၅၀၀ စျေးတန်းသည် ကာလတိုရင်းနှီးမြှုပ်နှံမှုအတွက် စျေးနှုန်းပစ်မှတ်တခု အဖြစ် သတ်မှတ်နိုင်ပါသည်။ MTSH ရှယ်ယာသည် ယခုနှစ်တွင် နေ့စဉ်ပျမ်းမျှ အစုရှယ်ယာ ၂,၇၀၀ ကျော် အရောင်းအဝယ်ပုံမှန်ဖြစ်ပေါ်လျက်ရှိပြီး အမြတ်ဝေစုပုံမှန် ခွဲဝေပေးသည့် မှတ်တမ်းကောင်း လည်းရှိပါသည်။ ထို့ကြောင့် လက်ရှိ YSX တွင် MTSH ရှယ်ယာသည် ငွေသားပြန်လည်ဖော်ထုတ်ရန်လွယ်ကူပြီး ကာလတို ရင်းနှီးမြှုပ်နှံရန်သင့်တော်သည့် ရှယ်ယာ တခုဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

As previous support level may sometimes become a resistance level, this price level may present as a short-term investment target for MTSH as the price attempts to move back up. With the average daily volume of 2,769 shares in 2021 and a consistent dividend track record, MTSH could be an attractive short-term investment with fairly high liquidity for investors at the YSX.

## TMH

MTSH နည်းတူ ကာလတိုရင်းနှီးမြှုပ်နှံရန်သင့်တော်နိုင်သည့် TMH သည် လက်ရှိအချိန်တွင် ကျပ် ၂,၆၀၀ ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ယခုနှစ်ဖြစ်ပေါ်ခဲ့သည့်စျေးနှုန်းများအရ TMH သည် ကျပ် ၂,၇၀၀ နှင့် ကျပ် ၂,၇၅၀ ကြားတွင် ဝယ်လိုအားပံ့ပိုးမှုန်

TMH could present as an alternative short-term investment to MTSH with share prices trading at MMK 2,600. According to the YTD graph, the support region for TMH seems to

## TMH Share Prices (Jan 2021 – Present)




*Source: Yangon Stock Exchange*

ဖြစ်ပေါ်ခဲ့ပြီး နေ့စဉ်ပျမ်းမျှ အစုရှယ်ယာ ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ YSX ဈေးကွက်ပြန်လည် သွက်လက်လာပါက အဆိုပါ ကျပ် ၂,၇၀၀ - ၂,၇၅၀ ဈေး တန်းသည် ကာလတိုရင်းနှီးမြှုပ်နှံမှုအတွက် ဈေးနှုန်း ပစ်မှတ်တခုဖြစ်နိုင်ချေရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

*မှတ်ချက်။ ။ အထက်ပါလေ့လာတွေ့ရှိမှုများသည် Technical Analysis (TA) နည်းပညာကို အခြေခံ၍ မျှဝေထားခြင်းဖြစ်ပါသည်။ စတော့ရှယ်ယာတွင်ရင်းနှီးမြှုပ်နှံမည်ဆိုပါက ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို သေချာစွာလေ့လာပြီးမှ ရင်းနှီးမြှုပ်နှံသင့်ပါသည်။*

be between MMK 2,700 and MMK 2,750 with average daily volume of 223 shares this year. If the market activity picks up, the current price trend may attempt to move back to the previous support region, which could be a short-term investment target for investors.

*Note: The above analyses are based solely on Technical Analysis (TA). All customers are advised to study other investment-related materials of the Company before making an investment decision.*

## KBZSC Securities Trading Department Contact Details

| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 - 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM - 4:30 PM (Monday – Friday) |

*Disclaimer:*
*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*